## ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် Relief Flight နှင့် ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများအတွက် အသွားအလာကန့်သတ်မှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်မည့်အစီအစဉ် (၈-၁၀-၂၀၂၂)

၁။ ကိုဗစ်-၁၉ကာကွယ်ဆေး အကြိမ်ပြည့်မထိုးနှံထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး(၄၈)နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း RDT/RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေမတင်ပြနိုင်ပါက ကယ်ဆယ်ရေး လေယာဉ် (Relief Flight) များဖြင့် လိုက်ပါနိုင်သည်။

၂။ ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ် (Relief Flight) များတွင် နိုင်ငံခြားသားခရီးသည်များအား လိုက်ပါခွင့်ပြုမည် မဟုတ်ပါ။

၃။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ပြသရန်၊

၄။ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၅။ ကိုယ်အပူချိန် မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်း ပို့ဆောင်ရန်၊

၆။ မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁) ရက်မြောက်နေ့တွင် RDT ဖြင့်လည်းကောင်း၊ (၃) ရက်မြောက်နေ့တွင် RT-PCR နည်းဖြင့်လည်းကောင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပြီး အသွားအလာကန့်သတ်ခြင်းအား (၅) ရက်ဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံ (သို့မဟုတ်) သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။